






# “ကနီဒေသ တဝိုက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများ”

၁၈ ရက် ၊ ဩဂုတ်လ ၊ ၂၀၂၁

AAPP


NLTA
Nyan Lynn Thit Analytica

Network for Human Rights Documentation - Burma
ND - Burma

**ကျေးဇူးတင်လွှာ**

ယခု အစီရင်ခံစာဖြစ်မြောက်ရန် အချက်အလက်များ စုစည်း၊ ပံ့ပိုးကူညီပေးကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၇၀) ကျော်ကြာ ဖြစ်ပွားနေသော ပြည်တွင်းစစ်အတွင်း တိုင်းရင်းသားပြည်သူအများစုမှာ စစ်အုပ်စု၏ နယ်မြေရှင်းလင်းရေး မူဝါဒအောက်တွင် မတရားညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ တရားမဲ့သတ်ဖြတ်ခံရခြင်း၊ အဓမ္မပြုကျင့်ခံရခြင်း၊ မြို့ရွာများကိုမီးရှို့ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်း၊ အတင်းအကြပ်နေရာရွှေ့ပြောင်းခံရခြင်း စသည်များကို ခံစားနေရကြရသည်။ ထိုအခြေအနေများကို နိုင်ငံတဝှမ်းရှိ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အစဉ်တစိုက်ထောက်ပြခဲ့ပြီး စစ်အုပ်စုအား အရေးယူရန်တိုက်တွန်းချက်များ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ ကုလသမဂ္ဂမှလည်း အချက်အလက်ရှာဖွေရေးအဖွဲ့ကို (၂၀၁၈)တွင် ဖွဲ့စည်းပြီး စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းမှတ်တမ်းတင်သည်အထိ ဆောင်ရွက်မှုများရှိနေသည်။ သို့သော် စစ်အုပ်စုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန့်သည် မရှိဘဲ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့်ရာဇဝတ်မှုကို ဆက်လက်ကျူးလွန်သည် အထိ ဆိုးဝါးရက်စက်လှသော ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိသည်။




(၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ထားသည့် အရပ်သား ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် နိုင်ငံ့ခေါင်းဆောင်များကို မတရားဖမ်းဆီးပြီး နိုင်ငံတော်အာဏာကို အကြမ်းဖက် လုယူသွားသည့် စစ်အာဏာရှင်ကို တစိုက်မတ်မတ် တွန်းလှန်ခုခံလျက်ရှိသည့် မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီး အနက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ကနီမြို့နယ်သည် စစ်အာဏာရှင်ကို နည်းလမ်းပေါင်းစုံ အသုံးပြု၍ ဆန့်ကျင်တော်လှန်နေသည့် ထင်ရှားသော အရပ်ဒေသတစ်ခု ဖြစ်သည်။

ထို့အတွက်ကြောင့်လည်း အာဏာသိမ်းစစ်ကောင်စီက အညိုးတကြီးဖြင့် နယ်မြေစိုးမိုးရေးအကြောင်းပြကာ ကနီမြို့ပေါ်နှင့် အနီးအနားပတ်ဝန်းကျင် ကျေးရွာများတွင် ပစ်ခတ်ဖမ်းဆီးမှုများ၊ တောနင်း ရှာဖွေမှုများ ပြုလုပ်လျက်ရှိနေသလို ကျေးရွာများအတွင်း စစ်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းမှုများကြောင့် ဒေသခံ ထောင်ပေါင်းများစွာမှာ နီးစပ်ရာ ကျေးရွာများ၊ တောအုပ်များအတွင်း ထွက်ပြေးတိမ်းရှောင်နေရလျက်ရှိသည်။


ထို့အပြင် ကျေးရွာများအတွင်းဝင်ရောက်ကာ ကျွဲ၊ နွားများ အပါအဝင် ပစ္စည်းဥစ္စာများ လုယူခြင်း၊ သိမ်းပိုက်ခြင်းများကိုပါ ပြုလုပ်လာခဲ့သည်။

ကလေးမြို့အခြေစိုက် တပ်ရင်း (၂၈) အပါအဝင် တပ်မ (၄၄) နှင့် (၉၉) လက်အောက်ခံတပ်ရင်းများမှ ဗျူဟာသုံးခုခွဲ၍ အင်အားတစ်ထောင်ခန့်ဖြင့် ကနီမြို့နယ်အတွင်း ကျေးရွာတိုင်းနီးပါးသို့ ဝင်ရောက်စီးနင်းလျက်ရှိရာ ဒေသခံ အများအပြားမှာ အကြမ်းဖက်ဖမ်းဆီးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ အသက်သေဆုံးသည်အထိ လူမဆန်စွာ သတ်ဖြတ်ခံရခြင်းများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။

ထို့အပြင် စစ်ဘေးရှောင် ပြည်သူများမှာ စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်မှုဒဏ်ကို ခံစားနေကြရပြီး မုံရွာနယ်ဘက်သို့သွားရောက်ဝယ်ယူရာတွင်လည်း အကြမ်းဖက်စစ်အုပ်စု၏ လက်ပါးစေများက ပမာဏများပြားသော ငွေကြေးများ ကောက်ခံခြင်းအပြင် စစ်ဖိနပ်ဖြင့်ကန်ခြင်း၊ သေနတ်ဒင်ဖြင့်ထုခြင်းစသည့် အနိုင်ကျင့်မှုများကိုလည်း ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

ကနီမြို့နယ်ရှိ ကျေးရွာအချို့တွင်လည်း ဇူလိုင် (၉) ရက်နေ့မှစ၍ အူရီဒူးနှင့် တယ်လီနောအော်ပရေတာများ၏ အင်တာနက်နှင့်ဖုန်းလိုင်းများ ပြတ်တောက်ခဲ့ပြီး ဩဂုတ်လ (၂) ရက်နေ့တွင် MPT လိုင်းပါ ထပ်မံ ပြတ်တောက်ခဲ့ရာ လက်ရှိအချိန်တွင် စစ်တပ်ပိုင် Mytel အော်ပရေတာ၏ ဖုန်းနှင့်အင်တာနက်လိုင်းသာ ရွာအချို့တွင် အသုံးပြု၍ရနေကြောင်း ဒေသခံများကဆိုသည်။ ဤလုပ်ရပ်မှာ စစ်အုပ်စုသည် အရပ်သားပြည်သူများအပေါ်ဖြတ် လေးဖြတ်ဗျူဟာကိုအသုံးပြု၍ တိုက်ခိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ အကြမ်းဖက်စစ်တပ်၏ ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်သားပြည်သူများအပေါ် လူမဆန်စွာ ပြုလုပ်မှုများကြောင့် ဇူလိုင်လတစ်လတည်းမှာပင် ကနီမြို့နယ်ရှိ ကျေးရွာများ၌ အရပ်သားများ၏အလောင်းများ အစုလိုက် အပြုံလိုက် သတ်ဖြတ်စွန့်ပစ်ထားသည်ကို လေးကြိမ်တိုင်တိုင် တွေ့ရှိခဲ့ကြသည်။ သတ်ဖြတ်စွန့်ပစ်ထားသည့် ရုပ်အလောင်းစုစုပေါင်းမှာ အနည်းဆုံး (၄၃) ဦး ရှိနေသည်။




**<u>ပထမအကြိမ်ဖြစ်စဉ်</u>**

ရုပ်အလောင်း ၄ လောင်းတွေ့ရှိရသည့် ရှစ်ခိုးတက် တောပြင်။ ဇူလိုင် ၁၊ ၂၀၂၁။

**<u>ဒုတိယအကြိမ်ဖြစ်စဉ်</u>**

ရုပ်အလောင်း ၁၆ လောင်းတွေ့ရှိရသည့် ယင်းရွာ၏ အရှေ့ဘက်ခင်တန်းရှည်တောင်ကုန်း။ ဇူလိုင် ၉၊ ၂၀၂၁။

**<u>တတိယအကြိမ်ဖြစ်စဉ်</u>**

ရုပ်အလောင်း ၁၂ လောင်းတွေ့ရှိရသည့် ဇီးပင်တွင်းရွာ၏ အနောက်ဘက်ယာတော။ ဇူလိုင် ၂၇၊ ၂၀၂၁။

**<u>စတုတ္ထအကြိမ်ဖြစ်စဉ်</u>**

ရုပ်အလောင်း ၁၁ လောင်းတွေ့ရှိရသည့် ကျောက်တံခါးချောင်းနှင့် ကြပ်ချောင်းအဆုံ။ ဇူလိုင် ၂၈၊ ၂၀၂၁။

## ပထမအကြိမ်ဖြစ်စဉ် (ရုပ်အလောင်း ၄ လောင်း)

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ မုံအိုကျေးရွာနှင့် ရွာသာကျေးရွာအကြား ရှစ်ခိုးတက် တောပြင်၌ ဇူလိုင်လ ၁ ရက်နေ့ ညနေ ၄ နာရီနှင့် ၆ နာရီကြားအချိန်တွင် အမျိုးသား (၄) ဦးကို အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီး၍ညှဉ်းပန်းနှိပ်စက်ကာ ဦးခေါင်းများကို သေနတ်နှင့်တော့ပစ်ပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ ထိုရုပ်အလောင်း (၄) လောင်းကို ဇူလိုင်လ (၃) ရက်နေ့တွင် ရှာဖွေတွေ့ရှိခဲ့ရာ ရုပ်အလောင်းများမှာ ဦးခေါင်းများ မရှိတော့သကဲ့သို့ ပျက်စီးနေပြီး အနီးတဝိုက်တွင်လည်း ဆိုင်ကယ် (၂၅) စီးခန့်ကို မီးရှို့ဖျက်ဆီးထားသည်ကို တွေ့မြင်ခဲ့ရကြောင်း ဒေသခံများကဆိုသည်။ သတ်ဖြတ်ခြင်းခံရသည့် ရုပ်အလောင်း (၄) လောင်းမှာ စိန်ကုန်းရွာမှ (၁) ဦး၊ ဖန်ခါးကုန်းရွာမှ (၁) ဦး၊ ဆူးလေကုန်း ရွာမှာ (၁) ဦးနှင့် အင်ချောင်ရွာမှ (၁) ဦး တို့ဖြစ်ကြသည်။



ပုံ (၁-၁) ပထမအကြိမ်ဖြစ်စဉ်



ပုံ (၁-၂) ပထမအကြိမ်ဖြစ်စဉ်



ပုံ (၁-၃) ပထမအကြိမ်ဖြစ်စဉ်

## ဒုတိယအကြိမ်ဖြစ်စဉ် (ရုပ်အလောင်း ၁၆ လောင်း)

ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ယင်းရွာ၊ ကုန်းသာရွာ၊ ကျောက်လှေကားရွာများသို့ ဇူလိုင် (၉) ရက်နှင့် (၁၀) ရက်နေ့များ၌ အကြမ်းဖက်စစ်တပ်မှ အလုံးအရင်းဖြင့် ဝင်ရောက်လာသောကြောင့် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ကြရသည်။ ထိုထွက်ပြေးတိမ်းရှောင်နေသူ ဒေသခံများအနက် (၂၆) ဦး ပျောက်ဆုံးနေသဖြင့် လိုက်လံ ရှာဖွေရာ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ယင်းရွာ၏ အရှေ့ဘက် ခင်တန်းရှည်တောင်ကုန်းပေါ်မှ ချိုင့်ထဲတွင် တောထဲတွင် ဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် အလောင်း (၁၅) လောင်းနှင့် နောက်တစ်ရွာတွင် အလောင်း (၁) လောင်းကို ထပ်မံ ရှာဖွေတွေ့ရှိခဲ့သည်။

အလောင်းများကို ဇူလိုင် (၁၁၊ ၁၂) ရက်နေ့များတွင် ယင်းရွာ၏ အရှေ့ဘက်တောင်ကုန်းပေါ်မှ ရှာတွေ့ခဲ့ခြင်းဖြစ်ပြီး ယင်းရွာမှ (၁၃) ဦး၊ ကုန်းသာရွာမှ (၁) ဦး၊ ပလူဇဝ ရွာမှ (၁) ဦးနှင့် ထောက်ကြံ့ကုန်းရွာမှ (၁) ဦး စုစုပေါင်း (၁၆) ဦး ဖြစ်ကြောင်း ယင်းရွာဒေသခံက ဆိုသည်။ သတ်ဖြတ်ခံရသူများအနက် အများစုမှာ အသက် (၃၀) နှင့် (၅၀) ကြားအရွယ် အမျိုးသားများဖြစ်ပြီး အသက် (၆၀) ကျော်အရွယ် (၁) ဦးလည်း ပါဝင်သည်။

ရုပ်အလောင်းအားလုံးတွင် ပြင်းပြင်းထန်ထန် နှိပ်စက်ညှဉ်းပန်းခံထားရသည့် လက္ခဏာများတွေ့ရပြီး အဆိုးရွားဆုံးမှာ မျက်နှာနှင့် လည်ပင်းများကိုလှီးဖြတ် နှိပ်စက်ညှဉ်းပန်းထားသည့် ဒဏ်ရာများ တွေ့ရှိရခြင်းပင်ဖြစ်သည်။



ပုံ (၂-၁) ဒုတိယအကြိမ်ဖြစ်စဉ်



ပုံ (၂-၂)ဒုတိယအကြိမ်ဖြစ်စဉ်



ပုံ (၂-၃) ဒုတိယအကြိမ်ဖြစ်စဉ်



ပုံ (၂-၄)ဒုတိယအကြိမ်ဖြစ်စဉ်



ပုံ (၂-၅)ဒုတိယအကြိမ်ဖြစ်စဉ်

## တတိယအကြိမ်ဖြစ်စဉ် (ရုပ်အလောင်း ၁၂ လောင်း)

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ဇီးပင်တွင်းကျေးရွာအနီး ဇူလိုင် (၂၆) ရက် ညနေပိုင်းက အကြမ်းဖက်စစ်တပ်နှင့် ဒေသခံကာကွယ်ရေးအဖွဲ့ (PDF) တို့ တိုက်ပွဲဖြစ်ခဲ့ရာ ရွာသားတချို့နှင့် PDF အဖွဲ့ဝင်တချို့ ပျောက်ဆုံးနေ၍ လိုက်လံရှာဖွေရာမှ ဇီးပင်တွင်းရွာ အနောက်ဘက်ယာတောထဲတွင် ဒဏ်ရာများနှင့် ရုပ်အလောင်း (၅) လောင်းကို ပထမအကြိမ်ရှာဖွေမှုတွင်လည်းကောင်း၊ နောက်ထပ် အလောင်း (၇) လောင်းကို ဒုတိယအကြိမ် ရှာဖွေမှုတွင်လည်းကောင်း စုစုပေါင်း ရုပ်အလောင်း (၁၂) လောင်းကို ဇူလိုင်လ ၂၇ ရက်နေ့၌ ရှာဖွေ တွေ့ရှိခဲ့ပြန်သည်။

ဒုတိယအကြိမ်ရှာဖွေမှုတွင် ရွာသားများက မြေကျင်းတစ်ခုကို တူးဖော်ခဲ့ရာ မြှုပ်နှံထားသည့် အလောင်း (၄) လောင်း၊ သစ်ပင်တွင် ကြိုးဖြင့် ချိတ်ဆွဲထားသည့် အလောင်း (၁) လောင်း၊ မြေပြင်တွင် လဲကျနေသော ရုပ်အလောင်း (၂) လောင်းကို တွေ့ရှိခဲ့သည်ဟု သိရသည်။ အဆိုပါ ရုပ်အလောင်း (၇) လောင်းမှာ အသက် (၆၀) ကျော်အရွယ် သက်ကြီးပိုင်း (၂) ဦး၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ (၁) ဦး၊ အသက် (၁၈) မှ (၃၀) ကြား (၄) ဦး၏ ရုပ်အလောင်းများ ဖြစ်ကြသည်။

ဇူလိုင်လ (၂၇) ရက်နေ့က ရှာဖွေမှုနှစ်ခုတွင် တွေ့ရှိခဲ့သည့် ရုပ်အလောင်း (၁၂) လောင်းမှာ ဇီးပင်တွင်းရွာမှ (၂) ဦး၊ ချင်းဖုန်းရွာမှ (၁) ဦး၊ သမင်ဇပ်ရွာမှ (၁) ဦး၊ သလောက်ရွာမှ (၁) ဦးနှင့် မုံရွာမှ (၇) ဦး ဖြစ်ကြောင်း သိရသည်။ ရုပ်အလောင်းအားလုံး၏ ခန္ဓာကိုယ်တွင် တူညီသည့်အချက်မှာ ရိုက်နှက်၊ နှိပ်စက်ညှဉ်းပမ်းခြင်းကြောင့် ဒဏ်ရာအများအပြား ရှိနေခြင်းဖြစ်သည်ဟု ဒေသခံများက ဆိုသည်။




ပုံ (၃-၁) တတိယအကြိမ်ဖြစ်စဉ်




ပုံ (၃-၂) တတိယအကြိမ်ဖြစ်စဉ်



ပုံ (၃-၃) တတိယအကြိမ်ဖြစ်စဉ်



ပုံ (၃-၄) တတိယအကြိမ်ဖြစ်စဉ်



ပုံ (၃-၅) တတိယအကြိမ်ဖြစ်စဉ်

## စတုတ္ထအကြိမ်ဖြစ်စဉ် (ရုပ်အလောင်း ၁၁ လောင်း)

အာဏာသိမ်း စစ်ကောင်စီ၏ အကြမ်းဖက်တပ်များနှင့် ကနီမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်များ ဇူလိုင်လ (၂၆) ရက်နှင့် (၂၇) ရက်နေ့တို့တွင် ကနီမြို့နယ် တောင်ပေါက်အုပ်စု ထူးကျေးရွာအနီးတွင် အကြမ်းဖက်စစ်တပ်၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဒေသခံများက ပြန်လည်ခုခံရင်း တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် နောက်တစ်ရက် (၂၈) ရက်နေ့ နံနက်တွင် အကြမ်းဖက်စစ်တပ်က ကြပ်ချောင်းတောတိုက်တွင် တောင်သူလုပ်ကိုင်နေသော သရက်တောရွာသား ကိုအောင်ကျော်မြင့်၏ တဲအိမ်အတွင်းဝင်ရောက်၍ ကိုအောင်ကျော်မြင့်အပါအဝင် ထမင်းစား နေသောအမျိုးသား (၁၁) ဦးအား ဖမ်းဆီးခဲ့ပြီး တဲကိုပါ မီးရှို့ဖျက်စီးခဲ့သည်။

ထို့နောက် နံနက် (၁၀) နာရီခန့်အချိန်တွင် သရက်တောရွာသား ကိုမြင့်သိန်း၏ ယာခင်းအစပ်မှ သေနတ်သံ ဆယ်ချက်ကျော်ခန့်ကြားရကြောင်းကို သတ်ဖြတ်ခံရသည့်အထဲတွင် ပါဝင်သူ၏ ဇနီးပြောကြားချက်အရ သိရ သည်။



ပုံ (၄-၁) စတုတ္ထအကြိမ်ဖြစ်စဉ်

ဒေသခံများက လိုက်လံရှာဖွေရာ ကနီမြို့နယ် တောင်ပေါက် ကျေးရွာအုပ်စု ကျောက်တံခါးချောင်းနှင့် ကြပ်ချောင်းအဆုံ၊ ကိုမြင့်သိန်း (သရက်တောရွာ)၏ ယာခင်းအတွင်း အမျိုးသား (၁၁) ဦးအား အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံထားရပြီး ဆိုင်ကယ် (၂) စီး နှင့်အတူ မီးရှို့ခံထားရသည်ကို ဇူလိုင်လ (၃၁) ရက်နေ့က တွေ့ရှိခဲ့သည်။

သေဆုံးသူများမှာ အမျိုးသားများဖြစ်ပြီး ခိုတွင်းရွာမှ (၁) ဦး၊ သရက်တောရွာမှ (၆) ဦး၊ ကနီမြို့ပေါ်မှ (၃) ဦး နှင့် ညောင်သူများ ရွာမှ (၁) ဦး စုစုပေါင်း (၁၁) ဦးဖြစ်သည်။ ကနီမြို့ပေါ်မှ (၃) ဦးမှာ ညီအစ်ကိုများဖြစ် ပြီး သရက်တောရွာရှိ ဆွေမျိုးများထံ တောင်သူအလုပ်လုပ်ရင်း မီးသွေးဖုတ်နေကြသူများ ဖြစ်သည်ဟု သိရသည်။

တွေ့ရှိရသည့် ရုပ်အလောင်းများအနက် (၃) လောင်းတွင် မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့ညိုမည်းဒဏ်ရာများဖြစ်ပေါ်နေခြင်း၊ ဦးခေါင်းနှင့် ရင်ဘတ်များတွင် သေနတ်ဖြင့်ပစ်ခတ်ထားခြင်း၊ မျက်နှာများအား ဓါတ်ဆီလောင်း မီးရှို့ထားခြင်းစသည့် ဒဏ်ရာများလည်းတွေ့ရှိခဲ့ပြီး အလောင်းများမှာလည်း ပုပ်ပွလျက်ရှိသည်။

ထိုအခင်းဖြစ်ပွားပြီး နောက်ဆက်တွဲအနေနှင့် ကနီမြို့နယ် ကင်းတောင်အုပ်စု ခိုတွင်းကျေးရွာနေ ဦးမောင်မြင့်က စစ်အုပ်စု၏အကြမ်းဖက် သတ်ဖြတ်မှုများကြောင့် စိတ်ဖောက်ပြန်သွားပြီး နောက်တစ်ရက် ဩဂုတ်လ (၁) ရက်နေ့ ညနေတွင် ကနီမြို့ပေါ် ရှိ အထက ကျောင်းနားသို့ ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့သည်။ ထို့နောက် ကျောင်းအတွင်း စခန်းချနေသော အကြမ်းဖက်တပ်သားများကို "မင်းတို့တွေကြောင့် တို့ပြည်သူတွေ သေရတာ" ဟုအော်ဟစ်ပြီး ကျောင်းအုတ်တံတိုင်းနားသို့ ကပ်သွားစဉ် မည်သည့်လက်နက်မျှမပါသော ဦးမောင်မြင့်အား အကြမ်းဖက်အဖွဲ့၏ တပ်သားများမှ ပစ်သတ်ခဲ့ကြပြီး အလောင်းအား ညတွင်းချင်းဖျောက်ဖျက်လိုက်ကြကြောင်း မိသားစုထံမှ သိရ သည်။


ပုံ (၄-၂) စတုတ္ထအကြိမ်ဖြစ်စဉ်


ပုံ (၄-၃) စတုတ္ထအကြိမ်ဖြစ်စဉ်

အကြမ်းဖက်စစ်အုပ်စု၏ ရက်စက်သော လူမဆန်စွာကျူးလွန်မှုများမှာ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် နေ့စဥ်နှင့်အမျှ ဖြစ်ပေါ်နေလျက်ရှိပြီး အထက်ပါ ကနီမြို့နယ် ဖြစ်စဥ်များမှာ တိကျသော သက်သေအထောက်အထားများဖြင့် ပေါ်ပေါက်လာရသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ အဆိုပါဖြစ်ရပ်များမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပါအဝင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ဆိုးဝါးရက်စက်သော ရာဇဝတ်မှုမြောက်ပြီး မြန်မာပြည်သူ လူထုတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်ကို စစ်အုပ်စုက အကြီးအကျယ် ခြိမ်းခြောက်လျက်ရှိကြောင်း သက်သေခံလျက်ရှိသည်။ စစ်အုပ်စုသည် ၎င်းတို့ကျူးလွန်သော ရာဇဝတ်မှုများကို တာဝန်ယူ၊ တာဝန်ခံရမည် ဖြစ်သည်။

ကနီမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများသည် နိုင်ငံတကာဥပဒေအရ အမြစ်ပြတ်သုတ်သင်ရှင်းလင်းရေးလုပ်ရပ်တစ်ခုဖြစ်သည်။ (၁၉၄၉) ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းနှင့် (၁၉၇၇) ခုနှစ်၊ ဇွန်လ (၈) ရက်နေ့၌ ထပ်မံ ဖြည့်စွက်ထားသော နောက်ဆက်တွဲစာချုပ်များတွင် ပြည်တွင်း/ပြည်ပ စစ်ပွဲများကြောင့် အရပ်သားနှင့် အရပ်သားများ၏ ပစ္စည်းဥစ္စာများ၊ ယဥ်ကျေးမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ပစ်မှတ်ထားမတိုက်ခိုက်ရန် အစရှိသည့် စံနှုန်းများကိုလည်း တိကျစွာ ဖော်ပြထားသည်။ ဂျီနီဗာသဘောတူ စာချုပ် (၄) ဖြစ်သော စစ်အတွင်း၌ အရပ်သားများကိုကာကွယ်ခြင်းဆိုင်ရာသဘောတူစာချုပ် (၁၉၄၉) ၏ အပိုဒ်(၃၂) အရ စစ်ပွဲအတွင်း ကာကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား ရုပ်ပိုင်းဆိုင်ရာနာကျင်မှုဖြစ်စေရန် ဆောင်ရွက်မှု (သို့) အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်စေနိုင်သော ဆောင်ရွက်မှုများကို တားမြစ်ထားသည်။ သတ်ဖြတ်ခြင်း၊ ညှဥ်းပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်အပြစ်ပေးခြင်း၊ ဆေးပညာ (သို့) သိပ္ပံပညာအတွက် အသုံးချခြင်းတို့ကို အရပ်သားပြည်သူများ သာမက စစ်ဘက်ဆိုင်ရာ အေးဂျင့်များ ကပင် ပြုလုပ်ခွင့်မရှိဟု ပြဌာန်းထားသည်။

ကနီဖြစ်စဥ်သည် ဂျီနီဗာကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ပြီး အရပ်သားများကို ပစ်မှတ်ထား၍ အမြစ်ပြတ်သတ်ဖြတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ထိုသို့လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုကို ပြစ်တင်ရှုတ်ချရမည်ဖြစ်ပြီး ထိထိရောက်ရောက် တရားစွဲဆိုရမည်ဖြစ်သည်။ ယခုကဲ့သို့သော ဖြစ်ရပ်များမှာ ကနီဒေသ တစ်ခုထဲတင်မဟုတ်ဘဲ ဒီပဲယင်းမြို့နယ်နှင့် အခြားသော မြို့နယ်များ တွင်လည်း ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပြီး အဆိုပါဖြစ်ရပ်များနှင့်ပတ်သက်၍ နောက်ပိုင်းတွင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

ဒုတိယဖြစ်စဥ်တွင် အသက် (၆၀) ကျော် (၂) ဦးနှင့် မသန်စွမ်းသူ (၁) ဦး သတ်ဖြတ်ခြင်းခံရသည်။ စစ်အုပ်စုသည် လူ့အဖွဲ့အစည်းအတွင်းတွင် အားနည်းပြီးထိခိုက်အလွယ်ဆုံးဖြစ်သည့် ကလေးသူငယ်များနှင့် မသန်စွမ်းသူများကိုပင် ပစ်မှတ်ထား၍ ညှဥ်းပန်းနှိပ်စက်သည့် လုပ်ရပ်များကို အကြိမ်ကြိမ်ကျူးလွန်လျက်ရှိသည်။ ထိုကဲ့သို့ ထိခိုက်နစ်နာ ခံစားလွယ်သော လူအုပ်စုများကို နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အကာအကွယ်ပေးရမည်ဟု တိကျသော ကတိကဝတ်များ ပြုထားသည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၈၂) နိုင်ငံက အတည်ပြုခဲ့ရေးထိုးခဲ့သည့် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၁၅) ၌ "စာချုပ် အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအား ညှဉ်းပန်း နှိပ်စက်ခြင်းမှ ကာကွယ်ရမည်" ဟု အသေးစိတ် ဖော်ပြထားသည်။ ထိုသူများအား လိုအပ်သော အကာအကွယ်ပေးမှုရရှိစေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း တာဝန်ရှိမှုကို စောင့်ထိန်းလိုက်နာရမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ထိုကဲ့သို့သော ကိစ္စရပ်များအတွက် အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များကို အရေးယူ တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့နိုင်သည်။ သို့ဖြစ်၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းခြင်းကို ငြင်းပယ်ရမည်မှာ အသေအချာပင်ဖြစ်သည်။ တဆက်တည်းတွင် မြန်မာပြည်သူတရပ်လုံး၏ သဘောထားကို ထင်ဟပ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) ကို မြန်မာနိုင်ငံ၏ တရားဝင် အစိုးရအဖွဲ့အဖြစ် နိုင်ငံတကာမှ သတ်မှတ်ပေးရန် လိုအပ်ပါသည်။ NUG အစိုးရအဖွဲ့အနေဖြင့်လည်း ရောမစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးပြီး အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (International Criminal Court, ICC) သို့ တင်ရမည်ဖြစ်သလို အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice, ICJ) ၌လည်း မြန်မာနိုင်ငံကို တရားဝင်ကိုယ်စားပြုပေးရမည်ဖြစ်သည်။

Contact Email : info@aappb.org , info@nyanlynnthit.org, office@nd-burma.org